# နွေဦးအသံ

**the voice of spring**

16.5.2021 · Sunday · No . 41 · Daily News Pamphlet


စစ်ဖက်တိုက်ခိုက်ရေးလက်နက်များကို မင်းတပ်မြို့တွင် အသုံးပြုသကဲ့သို့ ပြည်သူများကို တိုက်ခိုက်နေခြင်းမှာ အာဏာတည်မြဲရေးအတွက် စစ်အုပ်စုမှ မည်၍မည်မျှမိုက်တွင်းနက်မည်ကို သက်သေထူနေပာ US သံရုံးထုတ်ပြန်

သတင်းတို — ရင်းမြစ် – **USEmbassy** မှ

အမျိုးသားညီညွတ်ရေးအစိုးရ အဖွဲ့လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး လွှတ်တော်သို့ တင်ပြဆွေးနွေးမှုကို အွန်လိုင်းမှတဆင့် ပြုလုပ်ခဲ့ကြပြီး **CRPH** ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒုသမ္မတ၊ ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများစုံလင်စွာ တက်ရောက်ဆွေးနွေးခဲ့ကြပာသိရ

သတင်းတို — ရင်းမြစ် – **NUG** မှ

အင်အားအလွန်အကျွံအသုံးပြုပြီး မြေပြင်နှင့်ဝေဟင် နှစ်ဘက်စလုံးမှ လက်နက်ကြီးများနှင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခြင်း၊ အဖမ်းဆီးခံပြည်သူများကို လူသားဒိုင်းပြုလုပ်ပြီး ထိုးစစ်ဆင်ခြင်းတို့ကို အကြမ်းဖက်စစ်အုပ်စုက ရက်စက်ကြမ်းကြုတ်စွာပြုလုပ်နေသဖြင့် ချင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က မြို့မှ ယာယီဆုတ်ခွာပေးခဲ့ပာသိရ

သတင်းတို — ရင်းမြစ် – မှ

## နေ့တွင် သပိတ်စစ်ကြောင်းများ အရှိန်မပြတ် ချီတက်ခဲ့ကြပြီး ညဥ့် "မီးပိတ်သပိတ်" ကို ပြုလုပ်ခဲ့ကြ

မုံရွာမြို့ရှိ ကဗျာဆရာ ဦးစိန်ဝင်းကို ဓါတ်ဆီထုပ်နှင့် လောင်း၍ မီးရှို့ပြီး တိုက်ခိုက်သဖြင့် ကျဆုံးခဲ့ရပာသိရ

သတင်းတို — ရင်းမြစ် – မြန်မာနောင်း မှ

နိုင်ငံတကာ အသိုင်းအဝိုင်းက စစ်အုပ်စု၏အကြမ်းဖက်မှုများကို ချက်ချင်း အရေးယူရန်နှင့် မင်းတပ်မြို့ရှိ လက်နက်မဲ့ ပြည်သူများကို အကာအကွယ်ပေးရန် **NUG** နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်တောင်းဆိုခဲ့

သတင်းတို — ရင်းမြစ် – **NUG** မှ



မေလ(၁၅)ရက်၊ မွန်ပြည်နယ်၊ ပေါင်မြို့တွင် ပြုလုပ်ခဲ့သည့် သပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ-**CJ**)

၂၀၂၀ နိုဝင်ဘာလက ရွှေဘိုသို့ မင်းအောင်လှိုင် အောင်မြေလာနန်းစဉ် ဆန္ဒဖော်ထုတ်ခဲ့သည့် ရွှေဘိုဈေးကြီး မီးရှို့ခံခဲ့ရပြီး မီးစလောင်ပြီး(၂)နာရီကြာမှ ငြိမ်းသတ်ခွင့်ပြုသဖြင့် ဆိုင်ခန်းပေါင်း(၁၅၀၀)ခန့် ပြာကျပျက်စီးခဲ့ရ

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

ခင်ဦးမြို့ ကန်သာယာရွာကို အကြမ်းဖက်စစ်အုပ်စုက ဝင်ရောက်၍ဖျက်ဆီးပြီး ဆန်နှင့်ငွေများကို လုယက်ခဲ့

သတင်းတို — ရင်းမြစ် – **DVB** မှ

မြန်မာနိုင်ငံမှ တိမ်းရှောင်လာသူများကို ထိုင်းနိုင်ငံမှ ပြန်မောင်းထုတ်မည်မဟုတ်ဟု ထိုင်းဝန်ကြီးချုပ်ပြော

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ


ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊

ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နွေဦးအသံ
the voice of spring
16.5.2021 · Sunday · No . 41 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၁၅)ရက်၊ ၂၀၂၁

- မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂ နှင့် ၁၄ လမ်းထောင့်ရှိ ဇီဝိတသံဃာ့ဆေးရုံတွင် မေ(၁၄)ရက်၊ ညပိုင်းက ဆေးကုသနေသည့် လူနာတဦး အပါအဝင် စေတနာ့ဝန်ထမ်း ဆရာဝန်နှစ်ဦးနှင့် လူနာစောင့်တဦးကို စစ်အုပ်စုက ဝင်ရောက် ဖမ်းဆီးခဲ့ပြီး မေ(၁၅) ရက်၊ နေ့လယ်(၃)နာရီခွဲက လူနာစောင့် တဦးတည်းကိုသာ ပြန်လွှတ်ပေးခဲ့ဟုသိရ။
- ကရင်ပြည်နယ် စစ်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်မြင့်၏ ဘားအံ့မြို့၊ (၄) ရပ်ကွက်၊ ပိတောက်လမ်းရှိ ၎င်းနေအိမ်တွင် မေ(၁၄) ရက်၊ ည(၇)နာရီခန့်က လက်ပစ်ဗုံးပစ်သွင်းခံရမှုကြောင့် မိသားစုဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့။
- ချင်းပြည်နယ်၊ ဟားခါး Chinland Defense Force က ပြည်နယ်ယာဉ်ထိန်းရဲမှူး အပါအဝင် ယာဉ်ထိန်းရဲဝန်ထမ်းသုံးဦးနှင့် ဒလန်တဦးအား ဖမ်းဆီးထားကာ စစ်အုပ်စုက ဖမ်းဆီးထားသည့် ဟားခါးမြို့ခံ ပြည်သူများနှင့် လဲလှယ်ရန်ကြေညာခဲ့။
- ဘိုကလေးမြို့ အထက်တန်းကျောင်း ဝင်းတွင်းရှိ အားကစားကွင်းနေရာ၌ စစ်မှုထမ်းဟောင်း၊ မဘသနှင့် ကြံ့ခိုင်ရေး တို့နှင့် ဖွဲ့စည်းထားသည့် ပျူစောထီးအဖွဲ့ဝင်(၁၃) ဦးအား အရပ်ဝတ်များက သင်တန်းပေးနေ။
- မြင်းခြံ၊ ထနောင်းတိုင်ကျေးရွာသို့ နံနက်ပိုင်း၌ စစ်အုပ်စုက စစ်ကား(၁၂)စီး၊ မြေကော်ကား တစီး၊ မြေသယ်ကားတစီးဖြင့် ဝင်ရောက်၍ တပ်စွဲထားပြီး ကျွဲခြံကျေးရွာသို့လည်း ဝင်ရောက်စီးနင်းလျက်ရှိဟုသိရ။
- ဝက်လက်မြို့ရှိ CDM ပညာရေးဝန်ထမ်း (၅၅၇)ဦးကို စစ်အုပ်စုက အလုပ်မှရပ်နားခဲ့။
- မွန်ပြည်နယ်၊ ပေါင်မြို့တွင် CDM ပြုလုပ်သည့် အခြေခံပညာအဆင့် ဆရာ/ဆရာမ (၄၄၁)ဦး၊ မုဒုံမြို့တွင် (၂၀၀)ကျော်ခန့် တို့ကို စစ်အုပ်စုက အလုပ်မှ ရပ်ဆိုင်းခဲ့။
- ဒဂုံတက္ကသိုလ် ဂိတ်ပေါက်အနီးတွင် နံနက် (၁၀) နာရီကျော်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့။
- ရန်ကုန်မြို့ခံ လူငယ်(၃၀၀)ကျော်က မြို့နယ်စုံသပိတ်ကို နံနက်ပိုင်းက ရန်ကင်းမြို့နယ်တွင် ပြုလုပ်ခဲ့ရာ သပိတ်အပြီး လူစုခွဲချိန်တွင် စစ်အုပ်စုက မီးတန်းကားတစ်စီး၊ ဆိုင်ကယ် ခုနစ်စီးဖြင့် လာရောက်ဖြိုခွဲခဲ့ရာ လူငယ်(၇)ဦး ဖမ်းဆီးခံခဲ့ရဟုသိရ။
- မန္တလေး၊ ၆၂ လမ်း (၃၅ နှင့် ၃၆) ရှိ ရှမ်းယဉ်ယဉ် စားသောက်ဆိုင်ရှေ့တွင် နေ့လယ်(၂)နာရီခွဲခန့်က လက်လုပ်ဗုံး ပေါက်ကွဲခဲ့ပြီး ထိခိုက်ဒဏ်ရာရသူမရှိဟုသိရ။
- ပဲခူး၊ လက်ပံတန်းမြို့နယ်ရှိ Bago Weekly Journal သတင်းထောက် ကိုငြိမ်းချမ်းဝေကို စစ်အုပ်စုက အင်အား (၄၀၀)ခန့်ဖြင့် မေလ (၁၄) ရက် ညပိုင်းက ဝင်ရောက်ဖမ်းဆီးခဲ့။
- ပြည်မြို့၊ ကိုးသောင်းဈေးအနီးရှိ မွန်ဟိန်းဆေးဆိုင်မှ မိုင်သဉ္ဇာမောင်ကို စစ်အုပ်စုက လူမှုကွန်ရက်ပေါ်တွင် CDM နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရေးသားခြင်းကြောင့်ဟုဆိုကာ ဝင်ရောက်ဖမ်းဆီးခဲ့။
- ပေါင်းတည်၊ ပျဉ်ပုံအုပ်စုမှ စစ်အုပ်စုခန့် အုပ်ချုပ်ရေးမှူးဦးတင့်ဆွေမှာ ၎င်း၏နေအိမ်အား မတ်လ(၇)ရက်က တူမီးသေနတ်နှင့် ပစ်ခတ်ခံရပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့။
- အမရပူရမြို့နယ်၊ မြစ်ငယ်။ မုံရွာပင်မသပိတ်နှင့် ကျေးရွာစုပေါင်းစစ်ကြောင်း။ ရွှေဘိုမြို့နယ်၊ အုန်းပေါက်ရွာ။ စစ်ကိုင်း၊ ရေဦးမြို့။ ဂန့်ဂေါမြို့နယ်၊ မြွေ့လယ်ရွာတို့၌ စစ်ကျွန်ပညာရေးအလိုမရှိ သပိတ်ပြုလုပ်ခဲ့ကြ။
- မကွေး၊ မြိုင်မြို့နယ်၊ တောင်ပိုင်းဇုန်ဒေသခံများ။ မော်လမြိုင်။ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝင်းရော်ဒေသ။ ရှမ်း၊ ကျောက်မဲ မြို့တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ပြီး သရက်ချောင်းမြို့နယ်၊ သရက်နစ်ခွရွာ တို့၌ လူမဲ့သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ ရန်ကင်းမြို့နယ်၌ ကြည့်မြင်တိုင်၊ စမ်းချောင်း မြို့နယ်ပေါင်းစုံသပိတ်၊ မြောက်ဥက္ကလာ၊ မြောက်ဒဂုံ၊ အရှေ့ဒဂုံမြို့နယ်။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ သံဃာသမဂ္ဂ၊ စက်မှု၊ မြတောင်နှင့် ကျောက်မျက်ပွဲစားစစ်ကြောင်း၊ အမရပူရ။ မြစ်သား။ ညောင်ဦး။ မိတ္ထီလာ။ တောင်ငူ။ ပခုက္ကူ။ ကမ္မ။ ကန့်ဘလူ၊ ထန်းကုန်း၊ ဇီးကုန်း။ ရေဦး။ ဒီပဲယင်းမြို့နယ်၊ ရင်းရဲကျေးရွာ။ မိုးကောင်း။ ပုဂံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ ရေဖြူ၊ ကံပေါက်။ လောင်းလုံမြို့နယ်- မောင်းမကန်၊ တီဇစ်၊ ညောပြင်၊ ပန်းဒလဲ၊ ကဒက်ကြီး၊ ညင်းမော်။ ရောဝတီ၊ လပွတ္တာမြို့၊ မြောင်းမြ၊ ဓနုဖြူ။ မွန်-ပေါင်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်၊ တာမခန်၊ မိုးညင်း၊ ဟိုပင်။ ပူတာအို၊ တုံလီထု။ နမ္မတီး။ ရှမ်း-တောင်ကြီး၊ မူဆယ်။ စသဖြင့် မြို့အသီးသီး၌လူအင်အားရာချီသောသပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။

■ ရင်းမြစ် - မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၁၅)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၉၀ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၅၀၇၃ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၆၅၉ ဦး

ရင်းမြစ် - အေအေပီပီမှ



မေလ(၁၅)ရက်၊ မန္တလေးမြို့၌ ပြုလုပ်ခဲ့သည့် တပ်ပေါင်းစုသပိတ်စစ်ကြောင်းတခုကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

စစ်
အာ
ဏာ
ရှင်
စနစ်
အလို
မရှိ

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

“သင့်ကြောင့် စစ်ကျွန်ပညာရေးစနစ်နှင့် စစ်အာဏာရှင်စနစ် မလည်ပတ်ပါစေနှင့်”